# ထိန်တွင်းကျေးရွာ

# လောင်းလုံးမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထိန်တွင်းကျေးရွာ၊လောင်းလုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ ဩဂုတ်လ

# မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **ထိန်တွင်းကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်** | |
| | | |
| **၁။** | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း | |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| **၆။** | **ပညာရေး** | |
| **၇။** | **ကျန်းမာရေး** | |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| **၉။** | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | |
| **၁၀။** | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) စီမံချက်အဆိုပြုလွှာ (၁) | |
| | နောက်ဆက်တွဲ (၅) စီမံချက်အဆိုပြုလွှာ (၂) | |
| | နောက်ဆက်တွဲ (၆) စီမံချက်အဆိုပြုလွှာ (၃) | |
| | | |
| | | |
| | | |
| | | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၃/၂၀၂၄ဘဏ္ဍာရေးနှစ်မှ ၂၀၂၇/၂၀၂၈ ခုနှစ်အထိ(၅)နှစ်ကြာအကောင်ထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမဦးဆုံးသော လူထုအများစု ပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောသမဝါယမ နှင့်ကျေးလက်ဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကိုသက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာ လုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက် ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ် ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီး တို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထားဖော်ပြ ထားပါသည်။

ဩဂုတ်လ၊ ၂၀၂၃

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ထိန်တွင်းကျေးရွာ**

**လောင်းလုံးမြို့နယ်**

## ထိန်တွင်းကျေးရွာ သယံဇာတပြမြေပုံ၊ လောင်းလုံးမြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပထဝီအနေအထားအရတနင်္သာရီတိုင်းဒေသကြီးသည်မြန်မာပြည်၏တောင်ဘက်အကျဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီးမြောက်ဘက်တွင် မွန်ပြည်နယ်၊ တောင်ဘက်တွင် တနင်္သာရီတိုင်းဒေသကြီး၊အရှေ့ဘက်တွင်ထိုင်းနိုင်ငံတို့နှင့်နယ်နိမိတ်ချင်းဆက်စပ်နေသောတိုင်းဒေသကြီးတစ်ခုဖြစ်ပါသည်။လောင်းလုံးမြို့နယ်သည်တနင်္သာရီတိုင်းဒေသကြီး၏မြောက်ဘက်တွင်တည်ရှိပြီး ရေဖြူမြို့နယ်၊ ထားဝယ်မြို့နယ်နှင့် ထိစပ်လျက် ရှိပါသည်။

ထိန်တွင်းကျေးရွာသည် ပထဝီအနေအထားအရမြေပြန့်ဒေသဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်ခရိုင်၊လောင်းလုံးမြို့နယ်၊ ခမောင်းတောင်ကျေးရွာအုပ်စုတွင် ပါဝင်သောကျေးရွာတစ်ခုဖြစ်ပါသည်။ထိန်တွင်းကျေးရွာ၏အရှေ့ဘက်တွင်ထားဝယ်မြစ်၊အနောက်ဘက်၊ တောင်ဘက်နှင်မြောက်ဘက်တွင်လယ်ကွင်းများနှင့် နယ်နိမိတ်ချင်းဆက်စပ်လျက်ရှိပါသည်။ ထိန်တွင်းကျေးရွာသို့လောင်းလုံး-ထားဝယ်သွားလမ်းပေါ်ရှိသောကြာပြင်၊ထိန်သစ်၊ နခံတော၊ ခမောင်းတောင်ကျေးရွာမှဝင်ရောက်နိုင်ပါသည်။

ထိန်းတွင်းကျေးရွာသည်လောင်းလုံးမြို့နယ်မှ(၁၇)မိုင်ခန့်လောက်နှင့်ထားဝယ်မြို့မှ (၄) မိုင်ခန့်လောက်သာကွာဝေးပြီး လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်သောကြောင့်နေ့ချင်းပင်သွားရောက်နိုင်ကြပါသည်။ထိန်းတွင်းကျေးရွာသူ/ ကျေးရွာသားများသည်ဗုဒ္ဓဘာသာကိုးကွယ်ယုံကြည်သူများဖြစ်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

လောင်းလုံးမြို့နယ် ထိန်တွင်းကျေးရွာ၏ ၂၀၂၂-၂၀၂၃ခုနှစ်အတွင်း မိုးရွာရက်ပေါင်း (၁၅၀) ရက်ခန့်နှင့်မိုးရေချိန်မှာ(၁၈၉.၇၂)လက်မအထိဖြစ်ပါသည်။အပူပိုင်းမုတ်သုံရာသီဥတုဖြစ်ပြီး တစ်နှစ်ပျမ်းမျှအပူချိန်မှာ (၂၈) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ထိန်တွင်း ကျေးရွာတွင် သဘာဝ အရင်းအမြစ်များဖြစ်သော ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး နှင့် သဲများမရရှိနိုင်ပါ။ကာဗွန် (ဓါတ်ငွေ့/ရေနံ)နှင့် ဓါတ်သတ္တုဆိုင်ရာ ထွက်ရှိမှုများလည်းမရှိခဲ့ပါ။ လူတို့အတွက်အသုံးဝင်သော ဆေးဖက်ဝင်အပင်မျိုးစိတ်များလည်းမရှိပါ။ ထိန်းတွင်းကျေးရွာ၏ နံဘေးပတ် လည်တွင် မြစ်ချောင်းနှင့် လယ်ကွင်းများသာရှိ ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ထိန်တွင်းကျေးရွာသည် အုပ်စုခွဲကျေးရွာ ဖြစ်ပါသည်။ ကျေးရွာ၏လူမှုရေး၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊သာရေးနာရေး၊ဘာသာရေး၊ ပညာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေး၊ ရွာ၏ ဘေးကင်းလုံခြုံရေး တို့အတွက် ရည်ရွယ်၍ ရပ်မိရပ်ဖအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ နာရေးကူညီမှုအသင်း၊ မိဘဆရာအသင်း၊ မီးသတ်အဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ စသည့်ဖြင့် ဖွဲ့စည်းထားပါသည်။ ထိုအဖွဲ့များအနက်မှ အပျို/ လူပျိုအဖွဲ့ နှင့်လူလတ်အဖွဲ့များသည်

ကျေးရွာလူမှုရေးကိစ္စများ၊ရပ်ရွာသာယာဖွံ့ဖြိုး ရေးကိစ္စများနှင့်အခြားကိစ္စများ ဆောင်ရွက်ရာတွင်အားအကောင်းဆုံးဖြစ်ပါသည်။ယခုအချိန်တွင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဦးဆောင်ပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီ ကိုကျေးရွာသူ/သားများကိုယ်တိုင်ပူးပေါင်း ပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။၎င်းကော်မတီသည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သောဦးစားပေး လုပ်ငန်းများအားသက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့ အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**

**(က) သီးနှံ စိုက်ပျိုးရေး**

ထိန်တွင်းကျေးရွာတွင်အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပါသည်။ ရေသွင်းနိုင်သည့်ဆည်၊မြောင်းများမရှိသောကြောင့်စပါးကို အဓိကထားစိုက်ပျိုးကြပါသည်။စပါးစိုက်ကေပေါင်း(၂၅၀)ကေရှိပါသည်။ စပါးအထွက်နှုန်းမှာ(၁)ကေလျှင်ပျမ်းမျှအားဖြင့်တင်း(၆၀)ခန့်ထွက်ရှိပါသည်။အနည်းဆုံး(၅၀) တင်းမှ အများဆုံး(၇၀)တင်း ထွက်ရှိပါသည်။ဆောင်းသီးနှံအဖြစ်နှမ်းနှင့်နေကြာကိုလည်း စိုက်ပျိုးကြပြီးမတ်ပဲနှင့်ချဉ်ပေါင်ကိုလည်းအနည်းငယ်စိုက်ပျိုးကြပါသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ထိန်တွင်းကျေးရွာတွင်မွေးမြူရေးလုပ်ငန်းအဖြစ်ကြက်၊ဝက်၊ဘဲနှင့်နွားစသည့်တိရစ္ဆာန်များကိုမွေးမြူကြပါသည်။နွားမွေးမြူသူ(၁၀)အိမ်ရှိပြီးတစ်အိမ်လျှင်(၂)ကောင်မှ(၅)ကောင် အထိမွေးမြူကြပါသည်။ဝက်မျိုးမြူရေလုပ်ငန်းကိုလည်းစီးပွားဖြစ်မွေးမြူကြပြီးတစ်အိမ်ထောင်လျှင်(၅)ကောင်မှ(၃၅)ကောင်အထိမွေးမြူးကြပါသည်။ယခုအချိန်အထိဝက်နာရောဂါ ကျရောက်မှုမရှိသေးပါ။ တိရစ္ဆာန်ဆရာဝန်များမှလည်းဝက်၊ နွားများကိုအမြဲ ကာကွယ်ဆေးလာရောက်ထိုးပေးလေ့ ရှိပါသည်။ကြက်မွေးမြူးသူ(၁)ဦးရှိပြီး အကောင်ရေ (၁၅၀၀)ကောင်ခန့် မွေးမြူပါသည်။ခြံဝင်းခတ်၍မွေးမြူခြင်းမဟုတ်ဘဲဒေသအလိုက်အပြင်တွင်လွှတ်၍မွေးမြူကြသူများလည်းရှိပါသည်။တစ်အိမ်လျှင်အနည်းဆုံး(၅)ကောင်မှအများဆုံး(၁၀)ကောင်အထိမွေးမြူကြပါသည်။ ကမ်းနီးငါးဖမ်းခြင်းလုပ်ငန်းကို လုပ်ကိုင်နေသူမှာ အိမ်ထောင်စု(၄)စု ရှိပါသည်။

**(ဃ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ထိန်တွင်းကျေးရွာအတွင်းအခြားဝင်ငွေရလုပ်ငန်းများအဖြစ်လက်သမား၊ပန်းရံလုပ်ငန်း၊အပ်ချုပ်စက်လုပ်ငန်း၊ဈေးဆိုင်၊အရောင်းအဝယ်လုပ်ငန်း၊သုံးဘီးဆိုင်ကယ်ပို့ဆောင်ရေးလုပ်ငန်း

၊ပညာရေးဝန်ထမ်းစသည့်လုပ်ငန်းများကိုအသီးသီးလုပ်ကိုင်ကြပါသည်။အချို့မှာနေ့စားကျဘန်း လုပ်သားများလည်းရှိပါသည်။ထိန်တွင်းကျေးရွာရှိလူကြီးလူငယ်များသည်မိုးရာသီတွင်လယ်များ လုပ်ကိုင်ကာနွေရာသီသို့ ရောက်လျှင် လက်သမား၊ပန်းရံလုပ်ငန်းများကို အများဆုံး လုပ်ကိုင် ကြပါသည်။စက်ဘီး၊ဆိုင်ကယ်ပြင်ဆင်ရေးလုပ်ငန်းလုပ်ကိုင်နေသူများသည်အလုပ်ပုံမှန် မဟုတ် သောကြောင့်ဝင်ငွေရရှိမှုမှာလည်းအသင့်အတင့်သာရရှိကြပါသည်။ အမျိုးသမီးငယ်များသည် မိုးရာသီတွင်စပါးစိုက်ကြပြီး စိုက်ပျိုးချိန်ပြီးလျှင် အိမ်အလုပ်ဝိုင်းကူသူများနှင့်အချို့ကဆံပင် ညှပ်ဆိုင်၊ ဈေးဆိုင်ရောင်းကူသူများ၊ အပ်ချုပ်စက်လုပ်ငန်းစသည့်လုပ်ငန်းမျာကိုလုပ်ကိုင်ကြ ပါသည်။ အပ်ချုပ်စက်လုပ်ငန်းသည်အနည်းငယ်သာလုပ်ရပြီး ပွင့်လင်းရာသီ ရောက်မှသာ လျှင်အတော်အသင့်ပြုလုပ်ကြရပါသည်။ အိမ်တွင်လက်လီလက်ကားအရောင်းအဝယ်ပြုလုပ် နေကြသောဈေးဆိုင်များလည်းရှိပြီးဝင်ငွေမှာနည်းပါးပါသည်။ တစ်ပိုင်တစ်နိုင်အဖြစ်ဟင်းသီး ဟင်းရွက်များစိုက်ပျိုးပြီးခမောင်းတောင်ဈေးနှင့် ထိန်တွင်းဈေးများတွင်ပြန်လည် ရောင်းချ၍ အသက် မွေးဝမ်းကျောင်း ပြုရပါသည်။

(ဆ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ထိန်တွင်းကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မှ ယခင်မှအတိုးနှုန်းမှာ(၅၀)ပြားဖြင့် ထုတ်ချေးသော်လည်းယခုအခါဦးဆောင်မည့်သူမရှိသည့် အတွက်ထုတ်ချေးခြင်းမရှိပါ။နာရေးကူညီမှုအသင်းရန်ပုံငွေမှ ထုတ်ချေးထားသော ချေးငွေရှိ ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ထိန်တွင်းကျေးရွာတွင်ကျေးရွာချင်းဆက်လမ်း(၁)လမ်းရှိပြီးကွန်ကရစ်လမ်းဖြစ်ပါသည်။ ခမောင်းတောင်-ထိန်တွင်းကျေးရွာချင်းဆက်လမ်းဖြစ်ပါသည်။ယခုအခါတွင်ကျေးရွာသူ/သား များအနေဖြင့်လမ်းပန်းဆက်သွယ်ရေးအတော်အဆင်ပြေပြီးကျေးရွာမှာသာယာဖွံ့ဖြိုးလာသည် ။ကျေးရွာတွင်းလမ်းသွယ်(၆)လမ်းရှိပြီးထိုလမ်းများသည်လည်း အကျယ်(၁၅')ခန့်သာရှိသော မြေသားလမ်းများဖြစ်ကြပါသည်။ကျေးရွာချင်းဆက်လမ်း**ပေါ်တွင်**တံတား(၂)စင်းနှင့်ကျေးရွာ တွင်းတွင်ရေပြွန်(၆)စင်းရှိပြီးအသင့်အတင့်ကောင်းမွန်ပါသည်။ကျေးရွာနှင့်မြို့များသို့သွားလာရန် အတွက်နှင့်ကျေးရွာအတွင်းရှိထုတ်ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရန်အတွက်ကား၊ထော်လာ ဂျီနှင့် သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များကို အဓိကထား၍ အသုံးပြုသွားလာနေကြ ရပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ထိန်တွင်းကျေးရွာ၏လျှပ်စစ်မီးရရှိမှုအခြေအနေမှာလျှပ်စစ်မီးကို၂၄နာရီရရှိပြီး၁ယူနစ် ၄၇ဝနှုန်းဖြင့်ဖြန့်ဝေနေပြီးအိမ်ခြေ(၁ဝဝ)%မှအသုံးပြုလျှက်ရှိပါသည်။ထို့ကြောင့် ကလေးများ အချိန်မရွေးစာလေ့လာနိုင်ပြီးကျေးရွာသူ၊သားအချိန်ပြည့်လျှပ်စစ်မီးရရှိသောကြောင့် ကျေးရွာ ဖွံ့ဖြိုး သာယာလှပလာပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ထိန်းတွင်းကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်း ကောင်းမွန်စွာ ရရှိပါသည်။ ထို့ကြောင့်ဖုန်းလိုင်းများ၊ အင်တာနက်လိုင်းများကောင်းမွန်စွာ ရရှိသောကြောင့်အချိန်မီသတင်း အချက်အလက်ရရှိခြင်း၊ ဝေးကွာနေသောသူငယ်ချင်း၊ ဆွေမျိုးများနှင့်မိဘဆရာသမားတို့နှင့်လည်း အဆက်အသွယ်မပြတ်ကာအချိန်မရွေးဆက်သွယ်နိုင်လာပါသည်။ လူကြီးများမှာလည်း ရေဒီယို မှတဆင့်သတင်းအချက်အလက်များကိုနားထောင်လေ့ရှိကြပါသည်။ကျေးရွာ စာသင်ကျောင်း ထဲတွင်စာကြည့်တိုက်ငယ် ရှိသော်လည်းစာဖတ်မည့်သူများမရှိသောကြောင့် ပိတ်ထားခဲ့ရ ပါသည်။ ထို့ကြောင့်တစ်ရွာလုံးလူကြီးလူငယ်မရွေး စာဖတ်အလေ့အကျင့်များရရှိလာအောင် အသိပညာပေးဟောပြောပွဲများ၊စာပေဟောပြောပွဲများ ပြုလုပ်ဆောင်ရွက်ပေးရန် လိုအပ် နေပါသည်။

### ၆။ ပညာရေး

- ထိန်းတွင်းကျေးရွာတွင်မူကြိုကျောင်းနှင့်မူလွန်ကျောင်း(၁)ကျောင်းရှိပါသည်။ ယခုလက်ရှိမူလွန်ကျောင်းတွင်စာသင်ကျောင်းဆောင်(၂)ဆောင်၊ ရုံးခန်း(၁)ခန်းနှင့်စာ ကြည့်တိုက် (၁)ခန်း ရှိပါသည်။ စာသင်ကျောင်းဧရိယာမှာ(၂ဝဝ'×၂ဝဝ')ကျယ်ဝန်းပါသည်။ကျောင်း၏ ပုံစံ မှာ(၄ဝ'×၃ဝ'×၁၆')နှင့်(၄ဝ'×၃ဝ'×၁၆')ပေရှိသော၁ထပ်ထိုက်ကျောင်းဆောင်များဖြစ်ပါသည်။ ရွာ၏အလယ်ရှိသစ်သားဖြင့် ဆောက်လုပ်ထားသည့် မူကြိုကျောင်းတွင်ဆရာမ(၂) ဦး ရှိပြီး ကလေး(၁ဝ)ဦးရှိပါသည်။မူလွန်ကျောင်းတွင်ဆရာ/ဆရာမဝန်ထမ်း အင်းအား(၈)ဦးရှိပါ သည်။ ကျောင်းသား/သူများမှာ ကျား(၃၇) ဦးခန့်နှင့် မ(၆၃)ဦးခန့် စုစုပေါင်း ကျောင်း သား/သူဦးရေ (၁ဝဝ)ဦးခန့်ရှိပါသည်။ကျောင်းရှေ့မျက်နှာစာနှင့်မြောက်ဘက် တွင် အုတ်တံတိုင်း ကာရံထား ပြီးကျန်(၂)ဘက်တွင်သံဇကာများသာကာရံထားပါသည်။ကျောင်းဝိုင်းအတွင်းဝန်ထမ်းအိမ်ရာ (၂)ခန်းတွဲ(၁)ထပ်အဆောင်တစ်ဆောင်ရှိပါသည်။ ကျောင်းသုံးပရိဘောဂများမှာစာသင်ခုံများပျက်စီး နေပြီးလုံလောက်မှုမရှိပါ။ကျောင်းအိမ်သာများမှာ(၂)ခန်း တွဲအိမ်သာ(၂)လုံးရှိပြီးကျောင်းသူ/ သားများအတွက်(၅)ခန်းနှင့်ဆရာ/မများ အတွက်(၁)ခန်းရှိပါသည်။ဆရာ/မများနှင့်ကျောင်းသူ/ သား များအတွက်သောက်သုံးရေအတွက် ရေကိုကျောင်းဝိုင်းအတွင်းရှိ အဝီစိတွင်းမှ ရရှိပါသည်။

မိဘဆရာအသင်းများ၏ကူညီထောက်ပံ့မှုလည်း ကောင်းမွန်သောကျေးရွာဖြစ်ပါသည်အသက် ၅နှစ်အောက်ကလေးအများစုသည်ကျေးရွာမူကြိုကျောင်းတွင်ပညာသင်ကြားနေပါသည်။ မိမိကျေးရွာထဲတွင်မူကြိုကျောင်းရှိသောကြောင့် ကျေးရွာတွင်းကလေးငယ်များစိတ်အေးချမ်းသာစွာဖြင့်သာပညာသင်ကြားခွင့်ရပြီးအဝေးသို့ပညာသွားရောက်မသင်ကြားရခြင်းကြောင့်မိဘများမှလည်းကြိုပို့ရာတွင်သက်သာမည်ဖြစ်ပါသည်။အလယ်တန်းအဆင့်ပညာရေးတွင်ပညာသင်ကြားနေသူအသင့်အတင့်ရှိသော်လည်းအထက်တန်းအဆင့်တွင် အများစုသည်ကျောင်းထွက်၍ မိဘ၏အလုပ်များကိုကူညီလုပ်ပေးကြရပါသည်။တစ်ချို့ကလေးများကကျဘန်းအလုပ်များကိုအဆင်ပြေသလိုလုပ်ကိုင်နေကြရပြီး ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့တွင်လည်း သွားရောက်အလုပ်လုပ်ကိုင်နေကြရပါသည်။အထက်တန်းအဆင့်ကျောင်းနေသူဦးရေနည်းပါးသဖြင့်ကျေးရွာအတွင်းဘွဲ့ရပညာတတ်များလည်းနည်းပါးနေကြောင်းတွေ့ရှိရပါသည်။

## ၇။ ကျန်းမာရေး

ထိန်တွင်းကျေးရွာသည်ကျေးရွာအုပ်စုခွဲဖြစ်သောကြောင့်ကျေးလက်ကျန်းမာရေးဆရာမရှိသော်လည်းကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိပါ။ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့(၄)မိုင်ခန့်သွားရောက်၍ကုသရပါသည်။လမ်းပန်းဆက်သွယ်ရေးလည်းကောင်းမွန်သောကြောင့်သွားလာရအဆင်ပြေပါသည်။ထိန်တွင်း ကျေးရွာအတွင်းတွင်အဓိက ဖြစ်သောရောဂါများမှာသွေးတိုးရောဂါနှင့်ဆီးချိုရောဂါများသည်ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ရာသီတုတ်ကွေးရောဂါလည်းအနည်းအကျဉ်းသာဖြစ်လေ့ရှိပါသည်။ရာသီအလိုက်ဖြစ်တတ်သောရောဂါများမှာဝမ်းပျက်ဝမ်းလျော၊သွေးလွန်တုတ်ကွေး၊ ငှက်ဖျားနှင့်ဖျားနာရောဂါများစသည့်ရောဂါများဖြစ်တတ်ပါသည်။ကိုယ်ဝန်ဆောင်မိခင်များအတွက်မေးခိုင်ကာကွယ်ဆေးထိုးရန်နှင့် ကျန်းမာရေးပြသမည်ဆိုလျှင်ထားဝယ်မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင်သွားရောက်ပြသကြရပါသည်။ကလေးငယ်များအတွက်ဝက်သက်ရောဂါနှင့် စုပေါင်းကာကွယ်ဆေးထိုးနှံမည်ဆိုပါက ကျေးလက်ကျန်းမာရေးဆရာမမှ ကျေးရွာရှိစာသင်ကျောင်းအတွင်းလူစု၍ ဆေးထိုးရပါသည်။ ထိန်တွင်းကျေးရွာတွင်သောက်သုံးရေအဖြစ်အိမ်တိုင်းတွင်အဝီစိတွင်းနှင့်လက်တူးတွင်းကျယ်များရှိပါသည်။ထိန်တွင်းကျေးရွာတွင်ကျန်းမာသန့်ရှင်းရေးအနေဖြင့်ရေလောင်းအိမ်သာများကိုသာ အဓိကအသုံးပြုကြပါသည်။ ရေဆွဲအိမ်သာသုံးစွဲသောအိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ဝမ်းပျက်

ဝမ်းလျှောများတစ်ခါတစ်ရံ ဖြစ်ပွားတတ်သော်လည်းကျန်းမာရေးအသိပညာ ရှိသောကျေးရွာ ဖြစ်ပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ထိန်တွင်းကျေးရွာတွင် သဘာဝဘေးအန္တရာယ်ဖြစ်သော ရေကြီးရေလျှံခြင်းများရှိသော်လည်း၊လျှပ်တပြက်ရေကြီးခြင်း၊မုန်တိုင်းနှင့် ဒီရေတက်ခြင်း၊ လေဆင်နှာမောင်းကျရောက် ခြင်း၊ ငလျင်လှုပ်ခြင်း၊ မိုးသီးကြွေကျခြင်း၊တောမီးလောင်ခြင်းနှင့် မြေပြိုခြင်းစသည့်၊ အန္တရာယ်ကျရောက်မှုများနည်းပါးပါသည်။လယ်ယာမြေများတွင်သာဆားငန်ရေများတစ်ခါတစ်ရံဝင်တတ်ပြီးအပေါ်ယံမြေလွှာအက်ကွဲတတ်ပါသည်။ မိုးများသောအချိန်တို့တွင် သာမြစ်ကမ်းပါးပြိုခြင်း၊ ကမ်းရိုးတန်းတိုက်စားမှုနှင့် မြေပြိုခြင်းများတခါတရံဖြစ်တက်ပါသည်။ ကျေးရွာတွင်စွန့်ပစ်အမှိုက် စွန့်ပစ်ရန်အမှိုက်ကျင်းမရှိပါ။မိမိအိမ်မှထွက်ရှိသောအမှိုက်များကိုများသောအားဖြင့် အိမ်ခြံဝင်းထဲတွင်သာ မီးရှို့ပစ်ကြပါသည်။ ယခုအချိန်အထိကျွန်ုပ်တို့ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီးအစီအစဉ် ရေးဆွဲထားခြင်းမျိုးမရှိပါ။ ထို့ကြောင့် ယခုတွင်တစ်ရွာလုံးကျန်းမာသန့်ရှင်းစွာနေထိုင်နိုင်ရန်၊ကျေးရွာသန့်ရှင်းရန်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောက်ရှောက်ရန်တို့အတွက်တစ်ရွာလုံးစွန့်ပစ်နိုင်သည့်အမှိုက်ကျင်းများ ပြုလုပ်ပြီး အမှိုက်ပစ်ခြင်းနှင့်ပတ်သက်ပြီးတစ်ရွာလုံးကိုအသိပညာပေးဆွေးနွေးပွဲများပြုလုပ်၍ လိုက်နာကျင့်သုံးကြရန် တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၉။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ထိန်တွင်းကျေးရွာရပ်ရေးရွာရေးနှင့်အုပ်ချုပ်မှုပိုင်းတွင်အမျိုးသားများဦးဆောင်ပြီးအမျိုးသမီးများဦးဆောင်မှုမရှိသော်လည်းအုပ်ချုပ်မှုစီမံခန့်ခွဲရာတွင်ပိုမိုသေချာမှုရှိစေရေးအတွက်ရပ်မိရပ်ဖအဖွဲ့များတွင်အမျိုးသမီးများပါဝင်ဖွဲ့စည်းထားပါသည်။ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆိုင်သောအဖွဲ့အစည်းများတွင်အမျိုးသားများပါဝင်သကဲ့သို့အမျိုးသမီးများပူးပေါင်းပါဝင်မှုလည်းအားကောင်းပါသည်။မိဘဆရာအသင်းပူးပေါင်းဆောင်ရွက်မှုအားကောင်းသော်လည်းကျောင်းအကျိုးတော်ဆောင်အဖွဲ့များထပ်မံဖွဲ့စည်းရန်လိုအပ်နေပါသည်။အုပ်ချုပ်ရေးမှအပပညာရေး၊ကျန်းမာရေး၊ဘာသာရေး၊ကျေးရွာဖွံ့ဖြိုးရေး၊စီးပွါးရေးနှင့်လူမှုရေးလုပ်ငန်းများဆောင်ရွက်ရာတွင်အမျိုးသမီးအများဆုံးပါဝင်ပါသည်။ကျေးရွာတွင်မိန်းမပျို/အမျိုးသမီးများအားသံသယဖြစ်ဖွယ်အကြမ်းဖက်မှု (သို့)တိုင်ကြားမှုများမရှိခဲ့ပါ။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| **ကျေးရွာအုပ်စုအမည် –ခမောင်းတောင်** | | | **ကျေးရွာအမည် - ထိန်တွင်း** | |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက်** | **အဆိုပြုလုပ်ငန်းစဉ်များ** | **မှတ်ချက်** |
| ၁ | အခြေခံအဆောက်အအုံ | မြေသားလမ်းခင်းခြင်း | မြေသားလမ်း (၅၂၀'×၁၂'×၃')၊ (၁၁၀၀'×၁၂'×၂')ခင်းခြင်းလုပ်ငန်း | ပထမဦးစားပေး |
| ၂ | | **ကွန်ကရစ်လမ်း** | (၄၀၀'×၁၂'×၆") ခင်းခြင်းလုပ်ငန်း | **ဒုတိယဦးစားပေး** |
| ၃ | | **ကွန်ကရစ်လမ်း** | (၄၀၀'×၁၂'×၆") ခင်းခြင်းလုပ်ငန်း | **တတိယဦးစားပေး** |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

**နောက်ဆက်တွဲ (၁)**

# ထိန်တွင်းကျေးရွာ၊ ခမောင်းတောင်ရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးထိန်ဝင်း | ဦးအောင်ကြီး | ၆/လလန(နိုင်) ၀၄၃၉၄၇ | ၅၂ | ဥက္ကဋ္ဌ | ၀၉-၄၀၁၅၂၇၃၃၄ |
| ၂ | ဦးစိုးမောင် | ဦးကျော်ရှိန် | ၆/လလန(နိုင်) | ၅၈ | ဘဏ္ဍာရင်းမြစ် | ၀၉- ၂၅၀၈၃၄၆၃၈ |
| ၃ | ဦးဗိုလ်ကျော် | ဦးဖေကြည် | ၆/လလန(နိုင်) | ၅၅ | အတွင်းရင်းမြစ် | ၀၉-၄၅၉၁၅၄၂၃၁ |
| ၄ | မချောရတနာမြတ် | ဦးထိန်ဝင်း | ၆/လလန(နိုင်) | ၂၅ | အဖွဲ့ဝင် | ၀၉-၇၆၈၆၄၄၃၀၈ |
| ၅ | ဦးခင်မောင်ထွေး | ဦးခင်ကြွေ | ၆/လလန(နိုင်) | ၃၈ | အဖွဲ့ဝင် | ၀၉- ၄၅၁၀၆၀၅၁၀၄ |
| ၆ | ဦးသက်ဦး | ဦးတင်ရွှေ | ၆/လလန(နိုင်) | ၅၂ | အဖွဲ့ဝင် | ၀၉-၇၅၈၄၀၉၂၃၄ |
| ၇ | ဦးအုန်းမောင် | ဦးစုထား | ၆/လလန(နိုင်) | ၆၀ | အဖွဲ့ဝင် | ၀၉-၇၉၃၃၁၄၇၇၄ |

**နောက်ဆက်တွဲ (၂)**

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၄ | **၉** |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၂ | ၁၃ | **၂၅** |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၆ | ၃၀ | **၅၆** |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၄၃ | ၄၂ | **၈၅** |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၈၀ | ၄၈၂ | **၉၆၂** |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၈ | ၃၆ | **၇၄** |
| **စုစုပေါင်း** | | **၆၁၄** | **၆၀၇** | ၁၂၂၁ |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၁၂ | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ထိန်တွင်းကျေးရွာတွင် (၁)နှစ်အောက်နို့စို့ကလေးများ နည်းပါးပြီး ကျေးရွာရှိ လူဦးရေ၏ (၀.၇%)သာရှိပါသည်။ (၅)နှစ်အောက်ကလေးများသည် (၂%)၊ (၅)နှစ်မှ (၉)နှစ်အထိ မူလတန်းကျောင်းသားအရွယ်ကလေးများနှင့်အလယ်တန်းကျောင်းသားအရွယ်ကလေး ဦးရေများမှာ ကျေးရွာလူဦးရေ၏(၁၁.၆%)ခန့်ရှိပါသည်။ (၁၅)နှစ်မှ (၆၄)နှစ်အထိ အလုပ်လုပ်နိုင်သည့် အရွယ်ရှိ လူဦးရေမှာအများဆုံးဖြစ်ပြီးကျေးရွာလူဦးရေစုစုပေါင်း၏(၇၉.၆%) ဖြစ်ပါသည်။အလုပ်လုပ်နိုင်သော လူဦးရေ များသောကြောင့်ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာအထောက်အကူပြုနိုင်ပါသည်။ (၆၅)နှစ် အထက် သက်ကြီးရွယ်အိုများမှာကျေးရွာလူဦးရေ၏(၆.၁%)ရှိပြီး မိသားစုများမှ စောက်ရှောက်မှု ရှိသော ကြောင့် စိုးရိမ်စရာမရှိပါကြောင်း သိရှိရပါသည်။

## (၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

### (၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂)ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၅၀ | သင့် | ရ | မိုးရေ |
| ယာမြေ | - | - | - | |
| ဥယျာဉ်ခြံမြေ | - | - | - | |
| အိမ်ခြံဝင်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | | - | - | |
| စားကျက်မြေ | ၈ | ညံ့ | ရ | မိုးရေ |
| ပလပ်မြေ | - | - | - | |
| သစ်တောမြေ | - | - | - | - |
| စုစုပေါင်း | ၃၅၈ | - | - | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊**

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ**

လေ့လာတွေ့ရှိချက်။ ။ထိန်တွင်းကျေးရွာတွင်လယ်မြေ(၃၅၀)ကေခန့်ရှိပြီးအဓိကစိုက်ပျိုးသီးနှံမှာစပါး ဖြစ်ပါသည်။ သွင်းအားစုလိုအပ်ချက်အလယ်အလတ်ရှိကာအမြတ်ရရှိမှုအသင့်အတင့်ရှိပါသည်။ မြေဆီဩဇာရရှိမှုအခြေအနေမှာအသင့်အတင့်ရရှိခြင်း ၊စိုက်ပျိုးရေးအတွက်ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု ရရှိခြင်း၊ဓါတ်မြေဩဇာများကိုစနစ်တကျ အသုံးပြုမှုရှိခြင်းတို့ကြောင့် စပါးထွက်နှုန်း ကောင်းပါသည်။ ကျေးရွာတွင်အိမ်ခြံဝင်းအတွင်းသီးနှံများစိုက်ပျိုးခြင်းမရှိပါ။

## (၂.၂) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

**ဇယား (၃) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | - | - |
| ဓာတ်သတ္တု(ကျောက်မျက်၊ သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | - | - |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | - | - |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | - | - |
| ပျှမ်းမျှအပူချိန် – ၂၈ ဒီဂရီစင်တီဂရိတ် | ပျှမ်းမျှ မိုးရေချိန် – ၂၈ ဒီဂရီစင်တီဂရိတ် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်၊ ။ကျွန်ုပ်တို့ကျေးရွာတွင်ကာဗွန်(ဓါတ်ငွေ့/ရေနံ)နှင့်ဓါတ်သတ္တုဆိုင်ရာထွက်ရှိမှုများမရှိခဲ့ပါ။ အခြားအရင်းအမြစ်များဖြစ်သောတိရစ္ဆာန်မျိုးစိတ်များနှင့်ဆေးဖတ်ဝင်အပင် မျိုးစိတ်များလည်းမရှိပါ။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ရပ်မိရပ်ဖ အဖွဲ့ | ၁✔☐ ၂☐ ၃☐ | ပညာရေး ✔☐ ငွေကြေး ✔ ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✔ ☐<br>စိုက်ပျိုးမွေးမြူရေး ☐သာရေး၊<br>နာရေး၊လူမှုဖွံ့ဖြိုးရေး✓☐လုံခြုံ<br>ရေးနှင့် ကာကွယ်ရေး ✓☐ | အဖွဲ့အစည်းစွမ်းဆောင်ရည် ကောင်းမွန်ပါသည်။ |
| ၂ | နာရေးကူညီမှုအဖွဲ့ | ၁✔ ☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့အစည်းစွမ်းဆောင်ရည် အသင့်အတင့်ရှိပါသည်။ |
| ၃ | အပျို/လူပျို အဖွဲ့ | ၁✓ ☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့အစည်း၏ စွမ်းဆောင်ရည် ကောင်းမွန်ပါသည်။ |
| ၄ | မိဘဆရာ အသင်း | ၁✓☐ ၂☐ ၃☐ | ပညာရေး ✓ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | အဖွဲ့အစည်း၏ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ပါသည်။ |
| ၅ | ဘာသာရေး အဖွဲ့ | ၁✓☐ ၂☐ ၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ✓ ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး | စွမ်းဆောင်ရည် အသင့်အတင့် ရှိပါသည်။ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ | ၁✓ ☐ ၂☐၃☐ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | စွမ်းဆောင်ရည် အသင့်အတင့် ရှိပါသည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာသည်အုပ်စုကျေးရွာဖြစ်ပါသည်။လူထုအခြေပြုအဖွဲ့အစည်း (၆)ဖွဲ့ရှိပါသည်။ရပ်မိရပ်ဖအဖွဲ့၊အပျိုလူပျိုအဖွဲ့ နှင့်နာရေးကူညီမှုအသင်းတို့မှ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေးနှင့်ကျေးရွာလုံခြုံရေး ကိစ္စများတွင်ပါဝင်ဆောင်ရွက်ပြီးမိဘဆရာအသင်းအဖွဲ့မှလည်း ပညာရေးအတွက်လိုအပ်သည်များအဓိကထားကူညီဆောင်ရွက်ပေးပါသည်။ဘာသာရေးအသင်းအဖွဲ့မှလည်းဝါတွင်း(၃)လပတ်အဖိတ်နေ့များတွင်ကျေးရွာအတွင်းလှည့်လည်၍ဥပသကာအလှူခံခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊ စသည့်ဘာသာရေးဆိုင်ရာများလုပ်ကိုင်ပြီး အဖွဲ့ဝင်(၂၀) ဦးခန့်ရှိပါသည်။ ထို့ကြောင့်ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည်ကျေးရွာ၏လိုအပ်ချက်များအား အဘက်ဘက်မှ ထောက်ပံ့ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၇.၅ဧကမှ ၂၀ဧကကြား | ၃.၅ဧကမှ ၅ဧကကြား | ၁ဧကမှ ၃ဧကကြား | |
| အိမ်အခြေအနေ | ၂ထပ်တိုက်၊ သွပ်မိုးအုတ်ကာ | ၁ထပ်တိုက်၊ သွပ်မိုးအုတ်ကာ | ပျဉ်ထောင်အိမ်၊ ပျဉ်ကာ၊ဓနိမိုး၊ ပျဉ်ခင်း | ဝါးအိမ်၊ဓနိမိုး၊ ထရံကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | ကား၊စပါးရိတ်ခြွေစက် | ဆိုင်ကယ်၊ ထော်လာဂျီ | ဆိုင်ကယ် | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | လယ် | လယ် | လယ်၊ကျဘန်း | ကျဘန်း၊နေ့စား |
| အိမ်ထောင်စု | ၂၈ | ၆၄ | ၆၃ | ၅၇ |

**ရင်းမြစ်** … (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာတွင် မြေယာပိုင်ဆိုင်သူများအနေဖြင့် ၇.၅ဧကမှ ၂၀ ဧကကြားပိုင်ဆိုင်သူများသည် အဆင်ပြေသော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ ထိုအိမ်ထောင်စုများတွင် အများစုမှာ ၂ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာတို့ဖြစ်ကြပါသည်။ ပိုင်ဆိုင်မှုများအနေဖြင့် ကား၊ ဆိုင်ကယ်၊စပါးရိတ်ခြွေစက်တို့ပိုင်ဆိုင်ကြပါသည်။အချို့မှာ ကားသယ်ယူ ပို့ဆောင်ရေးလုပ်ကိုင်ကြ၍ စပါးရိတ်ခြွေစက်လုပ်ငန်းတို့ဖြင့် စီးပွားရှာကြသော အိမ်ထောင်စုများ ဖြစ်ပါသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုများမှာ(၆၄)အိမ်ခန့်လောက်ရှိပြီး ထိုအိမ်ထောင်စုများ၏ ပိုင်ဆိုင်မှုမှာဆိုင်ကယ်၊ ထော်လာဂျီတို့ဖြစ်၍ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုး**ရေး** လုပ်ကိုင်လျက်ရှိပါသည်။ မပြေလည်သောအိမ်ထောင်စုများမှာ လယ်မြေအနည်းငယ်ပိုင်ဆိုင်ပြီး နွေရာသီပိုင်းတို့တွင် ကျဘန်းအလုပ်များကို လုပ်ကိုင်ကြပါသည်။ ထိုအိမ်ထောင်စုများတွင် မြေယာ ပိုင်ဆိုင်မှု များမှာ ၁ဧကမှ ၃ဧကအကြားပိုင်ဆိုင်ကြပြီး အိမ်အနေအထားမှာ ပျဉ်ထောင်အိမ်၊ ပျဉ်ကာ၊ ဓနိမိုး၊ ပျဉ်ကာတို့ဖြစ်ကြ၍ ဆိုင်ကယ်များကို ပိုင်ဆိုင်သော အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အလွန် မပြေလည်သောအိမ်ထောင်စုများတွင်မြေယာပိုင်ဆိုင်မှုများမရှိကြပါ။သို့သော်လည်းထိုအိမ်ထောင်စုများသည် အခြားလယ်ယာများတွင် နေ့စားလုပ်ကိုင်ကြပြီး နွေရာသီရောက်လျှင်လည်း နေ့စားကျဘန်း လုပ်ကိုင်၍ အသက်မွေး ဝမ်းကျောင်းပြုနေရပါသည်။ အိမ်အခြေအနေမှာ ဝါးအိမ်၊ ဓနိမိုး၊ ထရံကာ တို့ဖြင့် ဆောက်လုပ်ထား ပါသည်။

## (၄.၂) သီးနှံထုတ်လုပ်ရေး

### (၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၆)** ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှု အရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | **မြေယာမဲ့** | ၅၇ | ၂၇% | **မြေမဲ့ယာမဲ့** |
| ၂ | **၂.၅ဧကအောက်(၁ ဟတ်တာထိ)** | | | |
| ၃ | **၂.၅ဧကမှ ၅ ဧကထိ (၂ ဟတ်တာထိ)** | ၆၃ | ၃၀% | **တောင်သူငယ်** |
| ၄ | **၅ဧကမှ၁၀ဧကကြား (၅ဟတ်တာထိ)** | ၆၄ | ၃၀% | **အလယ်အလတ်စားတောင်သူ** |
| ၅ | **၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်)** | ၂၈ | **၁၃%** | **တောင်သူကြီး** |
| | **ကျေးရွာရှိစိုက်ပျိုးမြေပိုင်ဆိုင်သည့်အိမ်ထောင်စု စုစုပေါင်း** | ၂၁၂ | | |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။မြေယာမဲ့အိမ်ထောင်စုများသည်စုစုပေါင်းအိမ်ထောင်စု၏ (၂၇)% ရှိပြီး ထိုအိမ်ထောင်စုများသည်ရွှေ့ပြောင်းလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများနှင့် နေ့စား

ကျဘာန်းလုပ်ကိုင်ကြသူများ ဖြစ်ပါသည်။ တောင်သူငယ်များမှာ (၃၀%)၊ အလယ် အလတ်စား တောင်သူများမှာ (၃၀%)နှင့်တောင်သူကြီးများမှာ(၁၃%)ရှိပါသည်။ မြေယာမဲ့ အိမ်ထောင်စုများသည် ထိုင်နိုင်ငံနှင့်မလေးရှားနိုင်ငံများသို့သွားရောက်လုပ်ကိုင်ခြင်းလယ်ယာ၊ခနိ၊ဥယျာဉ်ခြံနှင့် လက်သမား/ ပန်းရံ လုပ်ငန်းခွင်များတွင် လုပ်ကိုင်ကျပါသည်။

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစု ပေါင်း စိုက် ဧက | တစ်ဧက အထွက်နှုန်း | | | | အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | |
| စပါး | ၂၅၀ | တင်း | ၅၀ | ၇၀ | ၆၀ | သင့်(မြေဆီလွှာသြဇာကောင်း၊ မြေသြဇာနှင့် အခြားအော်ဂဲနစ်သွင်းအားစုအသင့်အတင့်ရရှိပြီး သီးနှံမျိုးစေ့များအလွယ်တကူဝယ်ယူနိုင်ပါသည်။ မျိုးကောင်းမျိုးသန့် ရရှိမှုရှိ/စက်ကိရိယာရှိ) |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာအနေဖြင့် တစ်ရွာလုံး၏အဓိကသီးနှံမှာ စပါးဖြစ်ပါသည်။ နှမ်းနှင့်နေကြာကိုလည်းအနည်းငယ်စိုက်ပျိုးပါသည်။ရေသွင်းဆည်မြောင်းများမရှိသဖြင့် စပါးကို (၁) ရာသီသာစိုက်ပျိုးပြီးစရိတ်သိမ်းပြီးပါကနှမ်းနှင့်နေကြာအနည်းငယ်စိုက်ပျိုးကြပါသည်။ စပါးအထွက်နှုန်းမှာ(၁)ဧကလျှင် အနည်းဆုံး(၅၀)တင်းမှ အများဆုံး (၇၀)တင်း ရရှိပြီးအမြတ်ရရှိမှု အသင့်အတင့် ရှိ ပါသည်။ ရာသီပေါ်သီးနှံများအနေဖြင့် ချဉ်ပေါင်၊ခရမ်း၊ရုံးပတီသီး၊ ကန်စွန်းရွက်နှင့် အခြားစားပင်များ ကိုတစ်ပိုင်တစ်နိုင်ဖြင့် စိုက်ပျိုးသူအနည်းငယ်ရှိပါသည်။

## (၄.၃) မွေးမြူရေးလုပ်ငန်း

**ဇယား (၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ**

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| **နွား** | ၁၀ | ၃၅ |
| **နို့စားနွား** | | |
| **ကျွဲ** | | |
| **မြင်း** | | |
| မြည်း | | |
| လား | | |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| ဆိတ် | | |
| သိုး | | |
| ဝက် | ၁၀ | ၈၀ |
| ကြက် | ၃၁ | ၁၇၀၀ |
| ဘဲ | | |
| နွားနောက် | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | |

**ရင်းမြစ်**… (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ထိန်တွင်းကျေးရွာတွင်ဝက်ကိုစီးပွားဖြစ်မွေးမြူကျပြီးတစ်ပိုင်တစ်နိုင် အဖြစ်ကြက်၊နွားတို့ကိုသာမွေးမြူကြပါသည်။ဝက်မွေးမြူနေသော အိမ်ထောင်စုမှာ (၁၀)အိမ်ရှိပါသည်။ ယခုအချိန်အထိရောဂါကျရောက်မှုတော့မရှိသေးပါ။နွားမွေးမြူနေသောအိမ်ထောင်စုမှာ(၁၀)အိမ်ရှိပြီး တိရစ္ဆာန်ဆရာဝန်နှင့်လည်း၏ဝက်၊နွားတို့ကိုအမြဲတမ်းကာကွယ်ဆေးထိုးပေးဖြစ်ပါသည်။ထိန်တွင်း ကျေးရွာတွင်ကြက်မွေးမြူရေးကိုစီးပွားဖြစ်မွေးမြူသူ(၁)အိမ်သာရှိပြီး အများစုမှာအိမ်ခြံဝင်းအတွင်း၌သာတစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ကမ်းနီးရေချိုငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု( ၄ )ဦးရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း | - | - | - | - |
| ၂ | ထုတ်ကုန်လုပ်ငန်း | - | - | - | - |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့်ရေပေးဝေရေး | - | - | - | - |

| | | | | | |
|---|---|---|---|---|---|
| ၄ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | ၃ | ၃၀ | ၁ | လတ် |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၃ | ၄ | ၁ | လတ် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ) | ၂ | ၄ | ၁ | လတ် |
| ၇ | လက်လီ-လက်ကားရောင်းဝယ်ရေး | ၁၀ | - | ၁ | နိမ့် |
| ၈ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | - | - | - | - |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး | ၁ | ၁ | ၁ | လတ် |
| ၁၀ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် ၊ ငွေချေးခြင်းလုပ်ငန်း အပါ အဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | - | - | - | - |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ် ငှား ရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ | - | - | - | - |
| ၁၂ | ပညာရေး | ၁ | ၁ | - | |
| ၁၃ | ကျန်းမာရေး | - | - | - | - |
| ၁၄ | လူမှုရေး လုပ်ငန်းများ | - | - | - | - |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အ ထက်ဖော်ပြပါလုပ်ငန်းများမှအပ) | - | - | - | - |
| | **စုစုပေါင်း အသက်မွေးလုပ်ငန်း လုပ်ကိုင်သူဦးရေ** | **၂၀** | **၄၀** | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင်လက်သမားနှင့်ပန်းရံလုပ်ငန်းလုပ်ကိုင်သူများရှိပြီးထိုသူတို့၏ဝင်ငွေမှာ အလယ်အလတ်သာရှိ၍ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး လုပ်ကိုင်နေသူတို့၏ ဝင်ငွေများမှာလည်းအလယ်အလတ်သာရရှိကြောင်း တွေ့ရပါသည်။အမျိုးသမီးများ ဆံပင်၊ အပ်ချုပ်စက်လုပ်ငန်းလုပ်ကိုင်နေသူများ၏ ဝင်ငွေသည် မိုးရာသီတွင် အနည်းငယ်သာရရှိကြပြီးပွင်းလင်းရာသီဖြစ်သော တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အတော်အသင့်ရရှိကြပါသည်။လက်လီလက်ကားရောင်းဝယ်နေသောဈေးဆိုင်သည်နည်းပါးပြီးဝင်ငွေမှာလည်းနည်းပါးကြောင်းသိရှိရပါသည်။ ကျေးရွာနှင့် ထားဝယ်သို့ သယ်ယူပို့ဆောင်နေသော ကား(၁)စင်း ရှိပါသည်။ထိုကားများသည် နေ့တိုင်းအရောင်းအဝယ်ပြုလုပ်နေသောသူများကိုသယ်ယူပို့ဆောင်ပေးနေသောကြောင့်ဝင်ငွေမှာနေ့တိုင်းအတော်အသင့်ရရှိနေပါသည်။ကျေးရွာထဲတွင် ကျောင်းဆရာဦးမ (၁)ဦး

ရှိပြီး ကျဘမ်းနေ့စားလုပ်ကိုင်သူများလည်း ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (၅.၁) ဈေး

**ဇယား** (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| **ဈေးအမည်** (မြို့/ ရွာ) **(အနီးဆုံး <u>တစ်ခုကိုသာ</u> ဖော်ပြပါရန်)** | ထိန်တွင်းဈေး | ထားဝယ်မြို့ စည်ပင်သာယာဈေး |
| **ရွာမှအကွာအဝေး** (မိုင်) **(အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)** | ၀ မှ ၁ မိုင် ✓ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ ၁၀မှ ၁၅မိုင် ☐ ၁၅ မိုင် အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ✓ ၂၁ မှ ၃၀ မိုင် ☐ ၃၀မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐၁၀၀မိုင်အထက်☐ |
| **သယ်ယူပို့ဆောင်ရေး နည်းလမ်း** | ခြေလျင်✓ စက်ဘီး✓ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ☐ ရထား ☐ သုံးဘီးဆိုင်ကယ် ☐လှေ ☐ စက်လှေ ☐ | ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ✓ ကား/ထော်လာဂျီ ✓ ရထား ☐ သုံးဘီးဆိုင်ကယ် ☐ လှေ ☐ စက်လှေ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျွန်ုပ်တို့ကျေးရွာကျေးရွာတွင်းဈေးရှိပြီးအနီးဆုံးဈေးမှာ ထားဝယ်မြို့ စည်ပင်သာယာဈေးကြီးဖြစ်ပါသည်။ထိန်တွင်းကျေးရွာတွင်းရှိဈေးတွင်ကုန်စည်မျိုးစုံနှင့်ဟင်းသီးဟင်းရွက် ၊ သား၊ငါး၊ ကြက်၊ ဝက်များရရှိနိုင်ပြီး ထိုဈေးသို့ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် အဆင်ပြေ သလိုသွားလာနေကြပါသည်။ ကုန်ပစ္စည်းအမြောက်အများဝယ်ယူမည်ဆိုပါကထားဝယ် မြို့စည်ပင်သာယာဈေးတွင်သွားရောက်ဝယ်ယူကြရပါသည်။ဈေးအခြေခံအဆောက်အအုံမှာအသင့်အတင့်ကောင်းမွန် ပါသည်။၎င်းဈေးတွင်ကုန်စည်မျိုးစုံရရှိနိုင်ပြီးဝန်ဆောင်မှုမှာအတော်အသင့်ကောင်းမွန် ပါသည်။

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| **ရွာတွင်းလမ်း** | ၁ ☐ ၂☐ ၃☐ ၄☐ ၅☐ ၆✓☐ | ကောင်း☐ သင့် ✓ ညံ့ ☐ | ပွင့်လင်းရာသီ ✓ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ✓ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| **ချဉ်းကပ်လမ်း** | ၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆✓☐ | ကောင်း☐ သင့် ☐ ညံ့ ☐ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး☐ | ၀–၁ မိုင် ☐ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ |

| လမ်း အမျိုးအစား | အမျိုး အစား | အရည် အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| | | | | ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ✓☐ ၂☐ ၃ ၄☐ ၅☐ | ကောင်း☐<br>သင့် ✓<br>ညံ့ ☐ | ပွင့်လင်း ရာသီ✓<br>☐ တစ်နှစ်ပတ်လုံး | ၀–၁ မိုင် ☐<br>၁–၅ မိုင် ✓<br>၅–၁၀ မိုင် ☐<br>၁၀မိုင်အထက်☐ |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - လေ့လာတွေ့ရှိချက်။ ။ကျွန်ုပ်တို့ကျေးရွာ၏လမ်းတည်ရှိမှုမှာရွာတွင်းလမ်း(၅)လမ်းနှင့်ကျေးရွာချင်းဆက်လမ်း(၁)လမ်းရှိပြီး မြေသားလမ်းများဖြစ်ကြပါသည်။ရွာထဲရှိလမ်း၏အခြေအနေမှာ (၁၈') ခန့်ကျယ်ပြီးလမ်းမှာအတော်အသင့်ကောင်းမွန်ပါသည်။ကျေးရွာချင်းဆက်လမ်းသည်လမ်း အရှည်မှာ (၁)မိုင်မှ(၅)မိုင်အတွင်းရှိပြီးမိုးရာသီတွင်လမ်းအခြေအနေမှာအနည်းငယ်ဆိုးပါသည်။အဆိုပါလမ်းအား မြေသားတင်ပြီးဂျင်းလမ်းအဖြစ် အဆင့်မြင့် ဆောင်ရွက်ပေးရန် လိုအပ်နေကြောင်း သိရှိရပါသည်။

## (၅.၃) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၁၂) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ဆိပ်ခံတံတား | - | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကွန်ကရစ် တံတား | (၁၅'×၁၂'×၆') | ကောင်း ☐<br>သင့် ✓☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ၅နှစ် ☐<br>၅နှစ် အထက် ✓ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ✓ |
| သစ်သား တံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ကြိုးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |
| ဝါးတံတား | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | ပွင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

| တံတား အမျိုးအစား | အရွယ်အစား (အလျား၊အနံ၊အမြင့်) | အရည်အသွေး | တည်ဆောက်ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|
| ရေပြွန် | ၆(၂’ ×၂၀’ ) | ကောင်း ☐<br>သင့် ✓<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ✓<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ✓ |
| ရေကျော် | | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ | ၆လမှ ၁နှစ် ☐<br>၂နှစ်မှ ၅နှစ် ☐<br>၅နှစ် အထက် ☐ | မွှင့်လင်း ရာသီ ☐<br>တစ်နှစ်ပတ်လုံး ☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် ကွန်ကရစ်တံတားနှင့် ရေပြွန်တို့သာ ရှိပါသည်။ ဆိပ်ခံတံတား၊ သစ်သားတံတား၊ ကြိုးတံတား၊ ဝါးတံတား၊ ရေကျော်တံတားတို့မရှိပါ။ ရွာထဲတွင် (၁၅’×၁၂’×၆’)ရှိသော ကွန်ကရစ်တံတား(၁)စင်းရှိပြီး ရေပြွန်မှာ(၂'×၂၀')ရှိသော ရေပြွန်(၆)စင်း ရှိကာ အရည်အသွေးအသင့်အတင့်ကောင်းမွန်ပါသည်။တည်ဆောက်ခဲ့သောနှစ်မှာကြာပြီဖြစ်သော်လည်း ကျေးရွာမှကိုယ်ထူကိုယ်ထဖြင့်ပြန်လည်ပြုပြင်၍သုံးစွဲနေသောကြောင့်အရည်အသွေးမှာအသင့်အတင့် ကောင်းမွန်ကြောင်းလေ့လာသိရှိရ ပါသည်။

## (၅.၄) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက် ရှိ **အသုံးမပြုပါ**အကွက်တွင် ✓ ခြစ်ပါ)။

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ်အမျိုးအစား | | | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ✓ ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ | ၁ ✓ | ၂ ☐ | ၃ ☐ | မိုးရာသီ☐တစ်နှစ်ပတ်လုံ း✓ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✓ | ၁ ☐ | ၂ ☐ | ၃ ☐ | မိုးရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

**ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**မှတ်ချက်။**၁ – လှေ၊သမ္ဗာန်၊ ၂ - စက်လှေ၊ ၃ - သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။ထိန်တွင်းကျေးရွာသည်ကုန်းပိုင်းတွင်ရှိပြီးပင်လယ်ပို့ဆောင် ဆက်သွယ်ရေး

များ မရှိပါသဖြင့် အသုံးပြုသူများလည်း မရှိကြပါ။

## (၅.၅) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၄) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| **အရေအတွက်** | ၁၀ | - | ၁၆၀ | ၂၃၀ | ၂ | ၅ | ၄ | - | - |

**ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ထိန်တွင်းကျေးရွာသည် ပင်လယ်မြစ်ကြောင်း ပို့ဆောင်ရေးမရှိသဖြင့် စက်လှေပို့ဆောင်မှုများ မရှိပါ။စက်ဘီးမှာ(၁၆၀)စီးရှိပြီး ကျောင်းသား/သူများ သွားလာရေး အတွက် အဓိကအသုံးပြု၍ အနီးအနားရှိကျေးရွာများသို့ သွားလာရေးအတွက်လည်း အသုံးပြုကြပါသည်။ မော်တော်ဆိုင်ကယ်သည်တစ်အိမ်တွင်(၁)စီး(သို့) (၂)စီးပိုင်ဆိုင်ကြပြီး တစ်ရွာလုံးနီးပါးမှာ (၂၃၀) စီး ရှိပါသည်။ဆိုင်ကယ်ကိုသွားရေးလာရေးကိစ္စများနှင့်စီးပွားရေးဆိုင်ရာကိစ္စရပ်များတွင်ပို၍အသုံးပြုကြ ပါသည်။ သယ်ယူပို့ဆောင်ရေးမှာ သုံးဘီးဆိုင်ကယ် (၂)စီး ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ကုန်ပစ္စည်း များသယ်ယူပို့ဆောင်ရာတွင်ထော်လာဂျီကိုအသုံးပြုကြပါသည်။

## (၅.၆) လျှပ်စစ်မီးရရှိမှု

ဇယား (၁၅) **လျှပ်စစ်မီးရရှိမှု အခြေအနေ**

| ရင်းမြစ် | အိမ်ထောင်စု |
|---|---|
| **မဟာဓာတ်အားလိုင်း** | |
| ဆိုလာစနစ် | |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၂၁၂ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| **လျှပ်စစ်မီး အသုံးမပြုနိုင်သော** | |

**ရင်းမြစ်...** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။ ။** ထိန်တွင်းကျေးရွာ၏ လျှပ်စစ်မီးရရှိမှု အခြေအနေမှာ မြန်မာ့လျှပ်စစ် ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ၂၀၁၄-၂၀၁၅ခုဘဏ္ဍာရေးနှစ်က မဟာဓါတ်အားလိုင်းမီးတိုင်များ နှင့် transformer ကို ရွာနောက်ပိုင်းတွင် လာရောက်တပ်ဆင်ပေးပြီး ကျေးရွာအတွင်း လျှပ်စစ်မီး ဖြန့်ဝေ ပေးခဲ့ပါသည်။ အသေးစားရေအားလျှပ်စစ်၊ လေစွမ်းအင်၊ ဇီဝလောင်စာအသုံးပြုခြင်းများမရှိပါ။

အိမ်ထောင်စုအများစုက လျှပ်စစ်မီးကိုအသုံးပြုနေကြပြီးတစ်ယူနစ်မှာ(၄၇၀)ကျပ် ပေးဆောင်ရပြီး အိမ်ထောင်စု(၁၀၀)%လျှပ်စစ်မီးသုံးစွဲပါသည်။ ထို့ကြောင့် ကလေးများ အချိန်မရွေးစာလေ့လာနိုင်ပြီး ကျေးရွာသူ/သားများအချိန်ပြည့်လျှပ်စစ်မီးရရှိရန်ကာကျေးရွာဖွံ့ဖြိုးသာယာကြောင်းတွေ့ရှိရပါသည်။

## (၅.၇) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား (၁၆) **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ**

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
|---|---|---|---|
| **အရေအတွက်** | ၈၄၄ | ၂၁ | **၁၆၀** |

**ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဖုန်းအရေအတွက်မှာ(၈၄၄)လုံး ရှိပြီး ဖုန်းလိုင်း နှင့် အင်တာနက်လိုင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ပါသည်။ ထို့ကြောင့် သတင်းအချက် အလက်များကို အချိန်မရွေးကြည့်ရှုရပါသည်။ရေဒီယို (၂၁)လုံးရှိပြီး လူကြီးများက လူငယ်များ ထက်ပို၍ နားထောင်လေ့ရှိကြသည်။ တီဗီ (၁၆၀)လုံးနှင့် စလောင်းအရေအတွက်မှာ (၆၈)လုံးခန့် ရှိပါသည်။ တီဗီထဲမှ သတင်းအချက်အလက်များကိုကြည့်ရှုရသောကြောင့် ဗဟုသုတများစွာရရှိပြီး သတင်းစာ/ ဂျာနယ်/ စာစောင်များမှာ လက်လှမ်းမီမှု ခက်ခဲကြောင်း တွေ့ရှိရပါသည်။

## (၆) ပညာရေး

## (၆.၁) ကျောင်းတက်နှုန်း

**ဇယား** (၁၇) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၆၀ | ၄၀ | ၁၀၀ |
| အလယ်တန်း | ၅၈ | ၃၇ | ၉၅ |
| အထက်တန်း | ၂၉ | ၃၀ | ၅၉ |
| တက္ကသိုလ်/ကောလိပ် | ၈ | ၇ | ၁၅ |

**ရင်းမြစ်** … (၁) **ကျောင်းဝင်စာရင်း၊** (၂) **ဆယ်အိမ်မှူးများ။**

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် <u>ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေ သူများကိုသာ</u> ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"**ဘုန်းကြီးကျောင်းသင်ပညာရေး**"** ကို သင်ယူဆည်းပူး နေသော ကျောင်းသူ/သားများကို အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင်ယခုလက်ရှိ မူလတန်းလွန် ကျောင်းတစ်ကျောင်း

သာရှိပြီးပညာသင်ကြားနေသူဦးရေမှာကျား(၆၀)ဦး၊မ(၄၀)ဦးစုစုပေါင်း (၁၀၀)ဦးခန့် ပညာသင်ကြား နေကြပါသည်။ အလယ်တန်းပညာရေးအဆင့်တွင် ကျား(၅၈)ဦး၊ မ(၃၇)ဦးနှင့် အထက်တန်းအဆင့် တွင်ပညာသင်ကြားနေသူဦးရေမှာ ကျား(၂၉)ဦးနှင့်မ(၃၀)တို့သည် ခမောင်းတောင်ကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းတွင်သွားရောက်ပညာသင်ကြားကြပါသည်။အချို့အဆင်ပြေသောအိမ်ထောင်စု များမှာဘုန်းတော်ကြီးသင်စာသင်ကျောင်းနှင့် ပရဟိတစာသင်ကျောင်းများတွင် သွားရောက်ပညာသင်ကြား ပါသည်။ယခုလက်ရှိ တက္ကသိုလ်တက်နေသူဦးရေမှာ ကျား(၈)ဦး၊ မ(၁၅)ဦးရှိပြီး ဘွဲ့ရဦးရေ စုစုပေါင်း (၃၅)ဦးရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၆.၂)စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၈) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း ☐<br>မူလွန် ✓<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ | | |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ✓<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ | | |
| **ဂ။** သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | ခြေလျင် ✓<br>စက်ဘီး ✓<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | | ခြေလျင် ☐<br>စက်ဘီး ☐<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)* | ၁၅၀ '×၂၀၀' စပေ | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်☐ညံ့✓ | | | ကောင်း☐ သင့်☐ ညံ့☐ | | | ကောင်း☐ သင့်☐ ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ✓ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐သင့် ✓<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | | ကောင်း ☐ သင့် ☐<br>ညံ့ ☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရတိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ✓ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဇ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | - | ၇ | | | | | | | |
| ကျေးရွာခန့် | - | - | - | | | | | | |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊** (၂) **မိဘဆရာအသင်း။**

**မှတ်ချက်။ ။ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို ဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာစာသင်ကျောင်းသည် ရွာအနောက်ဘက်တွင် ရှိပါသဖြင့် ခြေလျင်၊ စက်ဘီးများဖြင့် သွားလာနေကြပါသည်။ စာသင်ကျောင်း အရွယ်အစားမှာ (၁၅၀'×၂၀၀') ရှိသော (၁)ထပ်ကျောင်းဆောင် ဖြစ်ပါသည်။ ယခုလက်ရှိ ကျောင်းဆောင် ၏အမိုးမှာ သွပ်မိုး၊နံရံနှင့် အခင်းမှာအုတ်၊အင်္ဂတေဖြင့်ပြုလုပ်ထားပြီး ပြတင်းတံခါးများမှာပျက်စီးနေပါသည်။ ကျောင်းခြံစည်းရိုးကိုအရှေ့မျက်နှာစာနှင့် မြောက်ဘက်ခြမ်းတွင်အုတ်တံတိုင်းကာရံထားပြီး ကျောင်းအနောက်ခြမ်းနှင့်တောင်ဘက်တွင် သံဇကာများကာရံထားပါသည်။ ထို့ကြောင့် နွားများ ဝင်ရောက်နိုင်မှုမရှိခြင်းနှင့်ကျောင်းဝန်းအတွင်းကျောင်းသား/ကျောင်းသူများအတွက်လုံခြုံရေးစိတ်ချရပါသည်။ ကျောင်းအိမ်သာအခြေ အနေမှာ (၂)ခန်းတွဲ အိမ်သာ(၁)လုံး နှင့်(၃)ခန်းတွဲ အိမ်သာ(၁)လုံး ရှိပါသည်။ ဆရာ/ဆရာမများအတွက် (၂)ခန်းနှင့် ကျောင်းသား/သူများအတွက်(၃)ခန်းရှိပြီးသန့်ရှင်းမှုလည်း အတော်အသင့်ရှိပါသည်။ ဝန်ထမ်းအားလုံးသည် အစိုးရခန့်များဖြစ်ပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသောရောဂါများ

ဇယား (၁၉) **အဖြစ်များသော** ရောဂါများ

| # | *ရောဂါ* | *ပျံ့နှံ့မှု/ဖြစ်ပွားမှု* | | |
|---|---|---|---|---|
| *၁* | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်✓ | မရှိ☐ |
| *၂* | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✓ | မရှိ☐ |
| *၃* | ငှက်ဖျား | မြင့်☐ | နိမ့်✓ | မရှိ☐ |
| *၄* | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| *၅* | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| *၆* | တီဘီ | မြင့်☐ | နိမ့်☐ | မရှိ✓ |
| *၇* | ဆီးချို | မြင့်☐ | နိမ့်✓ | မရှိ☐ |
| *၈* | သွေးတိုး | မြင့်✓ | နိမ့်☐ | မရှိ☐ |
| *၉* | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐နိမ့်✓မရှိ☐ | | |
| *၁၀* | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်✓ | မရှိ☐ |
| *၁၁* | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်✓ | မရှိ☐ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု** (၂) **ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာအတွင်းတွင် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ ငှက်ဖျား၊ ဆီးချို၊အသည်းရောဂါ၊ အာဟာရချို့တဲ့မှုအခြားကူးစက်နိုင်သော ရောဂါများအနည်းငယ်ဖြစ်ပွား၍ သွေးတိုးရောဂါဖြစ်ပွားမှုသည် မြင့်မားမှုရှိပါသည်။ အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ ၊ HIV, AIDS,လိင်မှတဆင့်ကူးစက်နိုင်သောရောဂါများ၊တီဘီဖြစ်ပွားမှုမရှိသလောက်နည်းပါးပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

**ဇယား (၂၀) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု**

| စဉ် | ကာကွယ်ဆေးထိုးခြင်း (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | | ✓ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✓ | |
| ၃ | ပိုလီယိုရောဂါ | | ✓ |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✓ | |
| ၅ | ဝက်သက်ရောဂါ | ✓ | |
| ၆ | အခြား စုပေါင်း**ကာကွယ်ဆေး ထိုးနှံမှု** | ✓ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | | ✓ |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | | ✓ |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ထိန်တွင်းကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း အဆုတ်ရောဂါ ၊ ပိုလီယို ရောဂါ၊ ကာကွယ်ဆေးထိုးခြင်းမရှိပါ။ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ ရောဂါများ ကာကွယ်ဆေးထိုးနှံမှုမှာအနည်းငယ်သာရှိပါသည်။ ကိုယ်ဝန်ဆောင်များ အတွက်မေးခိုင် ကာကွယ်ဆေးများကိုကျေးရွာအတွင်းကျေးလက်ကျန်းမာရေးဆေးခန်းတွင်ထိုးရပါသည်။ကလေးများ အတွက်ဝက်သက်ရောဂါစုပေါင်းကာကွယ်ဆေးထိုးနှံမှုများလည်းရှိပါသည်။ အာဟာရမှတ်တမ်းယူမှု၊ အာဟာရ ပညာပေးအစီအစဉ်များလည်းမရှိပါ။ ထို့ကြောင့် ကျွန်ုပ်တို့ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သော ပညာပေးဟောပြောပွဲများ လိုအပ်လျက်ရှိပါသည်။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ (ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၁) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✓ |

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ☐ |

**ရင်းမြစ်** … **(၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာ၏ကျန်းမာရေးဝန်ဆောင်မှုမှာကျေးရွာအတွင်းတွင် ကျေးလက်ဆေးပေးခန်းမရှိပါသည်။ ကျန်းမာရေးအတွက်ခမောင်းတောင်ကျေးရွာရှိကျေးလက်ဆေးပေးခန်းတွင်သွားရောက်၍ကုသမှုခံယူရပါသည်။ ရောဂါအခြေအနေပြင်းထန်လျှင်(၅)မိုင်ခန့်ဝေးသော ထားဝယ်မြို့နယ်သွားရောက်ကုသ ကြရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေရရှိမှု

ဇယား (၂၂) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက်မှု (မိုး၊ ဆောင်း၊ နွေ) |
|---|---|---|---|
| ရေတွင်း | - | ကောင်း☐ သင့်☐ ညံ့✔ | မိုး၊ ဆောင်းသာ လုံလောက်မှုရှိ၊ နွေရာသီတွင် ခက်ခဲ |
| အဝီစိတွင်း/ စက်တပ် | - | ကောင်း☐ သင့်☐ ညံ့✔ | - |
| အဝီစိတွင်း/ တုံကင် | - | ကောင်း☐ သင့်☐ ညံ့✔ | - |
| မိုးရေ သိုလှောင်ကန် | - | ကောင်း☐ သင့်☐ ညံ့✔ | - |
| မြစ်/ချောင်းရေ | - | ကောင်း☐ သင့်☐ ညံ့✔ | - |
| ရေကန် | - | ကောင်း☐ သင့်✔ ညံ့☐ | - |
| စိမ့်စမ်းရေ | - | ကောင်း☐ သင့်✔ ညံ့☐ | - |

**ရင်းမြစ်**… **(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။**

**လေ့လာတွေ့ရှိချက်။** ။ထိန်တွင်းကျေးရွာတွင်သောက်သုံးရေအဖြစ် အဝီစိတွင်းနှင့် လက်တူးတွင်းများအိမ်တိုင်းတွင်ရှိပြီးတစ်နှစ်ပတ်လုံးလုံလောက်မှုရှိပါသည်။အရည်အသွေးအကောင်းမွန်မှုရှိကြောင်းတွေ့ရှိရပါသည်။**…**

## (၇.၄.၂) သန့်ရှင်းရေးအခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စုအရေအတွက်)

ဇယား (၂၃) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | ၁၇၀ |
| ရေလောင်း/ယင်လုံအိမ်သာ | ၄၂ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | - |
| အိမ်သာမရှိ | - |

**ရင်းမြစ်…** (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။**

**လေ့လာတွေ့ရှိချက်။** ။ထိန်တွင်းကျေးရွာတွင် ရေဆွဲ အိမ်သာနှင့် သန့်ရှင်းသော ယင်လုံအိမ်သာများသာ တစ်ရွာလုံးသုံးစွဲကြပါသည်။

## (၈) ဘေးအန္တရာယ်များ

**ဇယား (၂၄) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ**

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | နည်းပါးသည် |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | အသင့်အတင့်ရှိသည် |
| ၃ | ရေကြီးခြင်း | တစ်ခါတရံဖြစ်တတ်သည် |
| ၄ | မိုးခေါင်ခြင်း | အသင့်အတင့်ရှိသည် |
| ၅ | အအေးလွန်ကဲခြင်း | အသင့်အတင့်ရှိသည် |
| ၆ | မုန်တိုင်း | ဖြစ်ခဲ့သည် |
| ၇ | လျှေင် | ဖြစ်ခဲ့သည် |
| ၈ | မီးဘေး | ဖြစ်ခဲ့သည် |
| ၉ | ဆားငန်ရေဝင်မြေ | ဆားငန်ရေဝင်သည် |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြေချဉ်(မြေကြီးနီ၊ အပေါ်ယံမြေလွှာအက်ကွဲ) |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မရှိပါ |

| စဉ် | ဘေးအန္တရာယ် အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေ ရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁၂ | ငှက်ဖျားရောဂါ | ဖြစ်ခဲ့ပါသည် |
| ၁၃ | တီဘီရောဂါ | ဖြစ်ခဲ့ပါသည် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိပါ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | ဖြစ်ခဲ့ပါသည် |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ဖြစ်ခဲ့ပါသည် |
| ၁၇ | လူကုန်ကူးခြင်း | မရှိပါ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | အလယ်အလတ်ရှိပါသည် |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ထိန်းတွင်းကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံမှုအနေဖြင့်အဆင်မပြေ သူနည်းပါသည်။သဘာဝအရင်းအမြစ်အဖြစ်စိုက်ပျိုးမြေနှင့် ရေရှားပါးမှု အနည်းငယ် ရှိပါသည်။ မိုးရာသီတွင် ဆားငန်ရေဝင်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးပြီး ပိုးမွှား ရောဂါများလည်း ကျရောက်ပါသည်။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ငလျင်နှင့် မီးဘေးတို့မှာ ဖြစ်ပွားမှု နှုန်း မရှိသလောက် နည်းပါးပါသည်။ ကျေးရွာတွင် သစ်တောများမရှိသဖြင့် သစ်တောပြုန်းတီးမှုများလည်း မရှိပါ။ ကိုယ်ခံအားကျဆင်းမှုရောဂါ ဖြစ်ပွားမှုမှာလည်း မရှိသလောက် နည်းပါးပါသည်။ ပြည်တွင်းပဋိပက္ခ၊ လူကုန်ကူးမှုများ ၊တိရစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှု မရှိပါ။ လမ်းပန်းဆက်သွယ်ရေးမှာ မိုးရာသီကာလတွင် အနည်းငယ် အခက်အခဲရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

**ဇယား (၂၅) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ**

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာအခြေအနေ | လတ် | ရေငန်ဝင် |
| အပင်မျိုးစိတ်များ | လတ် | - |
| ရေအရင်းအမြစ် | လတ် | သဗ္ဗာကျေးရွာမှစိမ့်စမ်းရေသွယ်ယူ |
| ငါးမျိုးကွဲများ | နိမ့် | - |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိန်တွင်းကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်း အမြစ်များအနေဖြင့်မြေဆီသြဇာအခြေအနေမှာအသင့်အတင့်ကောင်းမွန်ပါသည်။ အပင်မျိုးစိတ်များအနေဖြင့် ကျေးရွာအတွင်းတွင်သစ်တောများမရှိသောကြောင့်ဆေးဖက်ဝင်ပင်များလည်းမရှိပါ။ရေအရင်းအမြစ်

များအနေဖြင့် အိမ်တိုင်းနီးပါးအဝီစိတွင်းနှင့်လက်တူးတွင်းကျယ်များဖြင့်သုံးစွဲရပါသည်။ နွေရာသီတွင်ရေရှားပါးမှုမရှိသောကြောင့်စိုက်ပျိုးရေးလုပ်ငန်းများအသင့်အတင့်အဆင်ပြေပါသည်။ငါးမျိုးကွဲများ၊ အခြားတိရစ္ဆာန်မျိုးကွဲများ အန္တယ်မရှိကြပါ။

## (၁၀) ကျား – မ ရေးရာ

ဇယား (၂၆) ကျား – မ ရေးရာ

| # | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | **ရှိ** ☐ | **မရှိ** ✓ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | **ရှိ** ✓ | **မရှိ** ☐ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ/အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | **ရှိ** ☐ | **မရှိ** ✓ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏ အသိအမြင်ရှိမှု | **ရှိ** ☐ | **မရှိ** ✓ |

**ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ထိန်တွင်းကျေးရွာတွင် ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ခေါင်းဆောင်မှုအပိုင်းတွင်တက်ကြွစွာပါဝင်မှုမရှိပါ။ကျေးရွာဖွံ့ဖြိုးရေးနှင့်ဆက်စပ်သော အဖွဲ့အစည်းများတွင် အမျိုးသမီးအများစုမှာ ပူးပေါင်း ဆောင်ရွက်မှု ရှိကြောင်း၊ လွန်ခဲ့သော နှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်းကလေးများ /အမျိုးသမီးများ သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့) တိုင်ကြားမှုများမရှိခဲ့ပါ။ အမျိုးသမီး ရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက်လူထု၏ အသိအမြင်ရှိမှုမှာ အများအားဖြင့် အချို့အမျိုးသမီးများက အနည်းအကျဉ်းသိပြီး အမျိုးသမီးအနည်းစုသည်မသိသေးပါ။ ထို့ကြောင့် တရားဥပဒေနှင့် ပတ်သက်ပြီး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။

**နောက်ဆက်တွဲ (၃)**

## ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား (နမူနာ အဖြစ်သာ ထည့်ထားပါသည်၊ ကျေးရွာမှ ရေးဆွဲလာသည့်အတိုင်း ထည့်ရေးပေးရန် ဖြစ်ပါသည်)

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| **ကဏ္ဍ- စီမံအုပ်ချုပ်မှုစနစ်** | | | | | | |
| ၁ | • ကျေးရွာမှ စည်းလုံး ညီညွတ်စွာ လုပ်ဆောင် မှု အားနည်း ခြင်း | • အခြားသူများ ပါဝင်လာအောင် လုပ်ဆောင်လာအောင်ဆောင်ရွက်နိုင်မှု အားနည်းခြင်း။<br>• ခေါင်းဆောင်မှုဆိုင်ရာ အသိပညာအားနည်းခြင်း။<br>• လူငယ်များမှသင်ယူ လို စိတ်မရှိခြင်း။ | • ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ကော်မတီရှိခြင်း။ | • ကျေးရွာသူ/သားများ မှအစည်းအဝေးခေါ်ယူ လျှင် တက်ရောက် မှု အလွန်အားနည်းခြင်း။ | • ကျေးရွာဖွံ့ဖြိုး ရေး ကော်မတီဝင်အား ဖွံ့ဖြိုးရေး သဘော တရားများဖွဲ့စည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်များ မြှင့် တင်ခြင်း။<br>• လူစွမ်းရည်နှင့်ဖွံ့ဖြိုး ရေးသဘောတရားတို့ ကို အမြင်ဖွင့် သိစေခြင်း။ | • ကျေးရွာရှိအဖွဲ့အစည်းများအား စွမ်းဆောင် ရည်မြှင့်တင်ရေး အစီ အစဉ်များ လုပ်ဆောင် ခြင်း။<br>အဖွဲ့ငယ်များအားစီမံ ခန့်ခွဲမှု ခေါင်းဆောင်မှု ၊ စာရင်းကိုင် စသည့် သင်တန်းများ စီစဉ် ဆောင်ရွက်ခြင်း။ |
| **ကဏ္ဍ- မွေးမြူရေး** | | | | | | |
| ၂ | • မွေးမြူရေး နည်းပညာ အားနည်းခြင်း။ | • စီးပွားဖြစ် မွေးမြူနည်း တို့ကို သိရှိမှု အားနည်း ခြင်း။<br>• စားကျက်မြေ မရှိခြင်း။ | • တိရိစ္ဆာန်များအတွက် ရေလုံလောက်ခြင်း။<br>• သွားလာရ လွယ်ကူပြီး မြို့နှင့် အလှမ်း မဝေး ခြင်း။ | • အဆင့်မြင့် မွေးမြူ ရေးနည်းစနစ် ကျင့် သုံးနိုင်မှု မရှိခြင်း။<br>• မွေး/ကု ဦးစီးဌာနနှင့် ချိတ်ဆက်မှု အားနည်းခြင်း။ | • စီးပွားဖြစ် မွေးမြူသည့် နည်းပညာ သင်တန်းများစီစဉ် ဆောင်ရွက်ခြင်း။ | မြို့နယ် မွေး/ကု ဌာန နှင့် ချိတ်ဆက်၍ စီးပွား ဖြစ်နည်းပညာ သင်တန်း များနှင့် ဝန်ဆောင်မှု များ ရရှိရန် ချိတ်ဆက် ခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| **ကဏ္ဍ– စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အခြားဝင်ငွေတိုးလုပ်ငန်းများ** | | | | | | |
| ၄ | • အလုပ်အကိုင် အခွင့်အလမ်းရှားပါးခြင်း။<br>• ဝင်ငွေနည်းပါးခြင်း။ | • လုပ်ငန်းအပေါ်မူတည်၍ထုတ်ချေးသော ချေးငွေ မရှိခြင်း။<br>• ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာများ မရှိခြင်း (စက်ချုပ်၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)။<br>• ကျွမ်းကျင်စွာတတ်မြောက် မှု နည်းသောကြောင့် အခြေခံလုပ်သားအဖြစ်သာ အလုပ်ရရှိခြင်း။ | • သွားလာရ လွယ်ကူပြီး မြို့နှင့် အလှမ်း မဝေးခြင်း။<br>• ဝင်ငွေရရှိသည့် အခွင့်အလမ်းများအပေါ်တွင် စိတ်ပါဝင်စားမှု ရှိခြင်းနှင့်လုပ်ကိုင်လိုစိတ်များ ခြင်း။<br>• ဝင်ငွေတိုးလုပ်ငန်းများအတွက်သင်တန်းများ ရရှိနိုင်သည့်ကျေးလက်ဦးစီးဌာနရှိနေခြင်း။ | • အတန်းပညာနည်းသောကြောင့်ကျွမ်းကျင်စွာ တတ်မြောက်သူနည်းပြီး အခြေခံအလုပ်များကိုသာ လုပ်ကိုင်ခွင့်ရခြင်း။<br>• အသေးစား၊ အလတ်စား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများ နည်းပါးခြင်း။ | • ဝန်ဆောင်မှုအသက်မွေးဝမ်းကျောင်း သင်တန်းများတက်ရောက်စေခြင်း။<br>• စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများစီစဉ်ခြင်း။<br>• အလုပ်အကိုင် အခွင့်အလမ်း များပြားစေရန် ချိတ်ဆက်ခြင်း။ | • အလုပ်အကိုင် အခွင့်အလမ်းများပြားစေရန် ဆောင်ရွက်ခြင်း။<br>• အသေးစား၊အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများစီစဉ်ခြင်း။<br>အသက်မွေးဝမ်းကျောင်း ပညာများ ကျွမ်းကျင် တတ်မြောက်စေရန် စီစဉ် ဆောင်ရွက်ပေး ခြင်း။ |
| **ကဏ္ဍ– ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | | | | | | |
| | • ဝမ်းပျက်ဝမ်းလျော ဆီးချို ရောဂါများ ဖြစ်ပွားသူ အချို့ရှိခြင်း။<br>• ကျန်းမာရေး အသိ အတိုင်း လိုက်နာမှု အားနည်းခြင်း | • ကျန်းမာရေးဗဟုသုတ ရှိသော်လည်း လိုက်နာမှု အားနည်းခြင်း။ | • အုပ်စုကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးခန်းရှိခြင်း။<br>• ကျေးရွာ၌ ကျန်းမာရေး ကိစ္စအတွက်ဦးဆောင် ဖြေရှင်းမည့် အဖွဲ့ အစည်း ရှိခြင်း။ | • ငွေကြေးပါဝင်နိုင်မှု အားနည်းခြင်း။ | • ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ခြင်း။<br>• ကျောင်းကျန်းမာရေး လှုပ်ရှားမှုနှင့် မိခင်/ကလေးအဖွဲ့အစည်း ခိုင်မာအောင်ပြုလုပ် ခြင်း။ | • ကျေးရွာ၏ကျန်းမာရေး ကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်ခြင်း။<br>• ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟော ပြောပွဲများ ပုံမှန်ပြု လုပ်ခြင်း။ |

| စဉ် | ပြဿနာ | အကြောင်းရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်း လမ်းများ | အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | | |
| ▪ ကဏ္ဍ– လမ်း၊ တံတား၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးစသည့် အခြေခံအဆောက်အဦများ | | | | | | |
| | •ရွာတွင်းလမ်း မကြီးနှင့် ရွာတွင်းလမ်းများမကောင်းခြင်း။<br>•ရွာချင်းဆက်လမ်းများ သွားလာရခက်ခဲခြင်း။ | • မြေသားလမ်းမကြီး ဖြစ်သောကြောင့် မိုးရာသီတွင်ဗွက်ထခြင်း၊ ချိုင့်များ ဖြစ်ပေါ်ခြင်း။<br>• မြေသားလမ်းဖြစ်နေခြင်းကြောင့်လှည်းသွား၊ လူသွားလာ ခြင်းများ၍ ချိုင့်ခွက်ဖြစ်နေခြင်း | • စုပေါင်းလုပ်ဆောင်ကြခြင်း။<br>• လုပ်သားပေါများခြင်း | •ငွေကြေးအပြည့်အဝစိုက်ထုတ်မှုအားနည်းခြင်း။ | • လူထုအား ကူညီပြီးတက်နိုင်သူများကတက်နိုင်သလောက်ထည့်ဝင်ခြင်း။ | • ပို့ဆောင်ရေး အခြေခံအဆောက်အဦများတိုးတက်လာစေရေး ။<br>• မြေသားလမ်းများအားကွန်ကရစ်လမ်း ခင်းခြင်း။ |
| ၂ | ပညာရေး | | | | | |
| | • ကျောင်းအင်္ဂါရပ်နှင့်မညီညွတ်ခြင်း | • ကျောင်းခြံစည်းရိုးများသည် ဆွေးမြည့်ပြီးပျက်စီးနေခြင်း<br>• KG ကျောင်းဆောင်မရှိခြင်း | • ကျောင်းသားမိဘများအလှူငွေအနည်းငယ် ထည့်ဝင်နိုင်ခြင်း | • ငွေကြေးမတတ်နိုင်ခြင်း<br>• မိဘဆရာအသင်းပူးပေါင်းကာကျောင်းခြံစည်းရိုးဖြစ်မြောက်ရေးစီစဉ် ဆောင်ရွက်ခြင်း | • ကျောင်းအတွက်လိုအပ်ချက်များကို နှစ်အလိုက်စီမံကိန်းများတွင်ပါဝင်အောင်ချိတ်ဆက် တောင်းဆိုခြင်း။<br>• ကျောင်းအကျိုးတော်ဆောင်ကော်မတီကိုဦးဆောင်စေခြင်း။ | • ကျေးရွာ၏ပညာရေးကဏ္ဍတိုးတက်လာ စေရန်ဆောင်ရွက်ခြင်း။<br>• ကျောင်းခြံစည်းရိုးကာရန်ခြင်း။<br>• ကျောင်းကော်မတီဖွဲ့ စည်းခြင်း |

**စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ(၁)**

ကျေးရွာ - ထိန်တွင်း
ကျေးရွာအုပ်စု - ခမောင်းတောင်
မြို့နယ် - လောင်းလုံး
တိုင်းဒေသကြီး / ပြည်နယ် - တနင်္သာရီ

စီမံချက်အမည် - မြေသားခင်းခြင်းလုပ်ငန်း (၅၂၀'×၁၂'×၃') ၊ (၁၁၀၀'×၁၂'×၂')

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- ကျေးရွာမှ ကုန်ထုတ်လမ်းသို့သွားသောလမ်းဖြစ်ပြီးလမ်းအတိုင်းအတာမှာ (၅၂၀'×၁၂'×၃') ၊ (၁၁၀၀'×၁၂'×၂')ရှိပါသည်။ယခုလက်ရှိတွင်လမ်းအကျယ်မှာ(၁၄)ပေ၊ခန့်ရှိသော မြေသားလမ်းဖြစ်ပါသည်။
- မြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် ရေမြောင်းတိမ်သောကြောင့် ချိုင့်ခွက်များဖြစ်ပြီး လမ်းပေါ်ရေကျော်မှုများလည်း ဖြစ်ပါသည်။
- လမ်းအင်္ဂါရပ်များနှင့်မညီညွတ်ပါ။နွေရာသီတွင်ချိုင့်ခွက်များ၊ရေလှိုင်းပုံစံများကဲ့သို့ဖြစ်နေသောကြောင့်သွားလာရခက်ခဲပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- လမ်းအကျယ် (၁၄) ပေအား လိုအပ်သည့်အမြင့်ပေရရှိအောင်မြေသားတင်ခြင်းဖြင့် ရေဝပ်ခြင်းမှကာကွယ်ရန်
- မိုးတွင်းကာလမိုးကြီးသည့်အခါများတွင်လမ်းပေါ်ရေကျော်မှုများကင်းဝေးစေရန်နှင့်ချိုင့်ခွက်များ၊ရေလှိုင်းပုံစံများ မရှိစေရန်
- လုပ်ငန်းခွင်သို့သွားလာရာတွင် လွယ်ကူအဆင်ပြေစေရန်

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- လမ်းသည် လမ်းအင်္ဂါရပ်များနှင့် ညီညွတ်လာမည်။
- မြေသားလမ်းအားလိုအပ်သည့်အမြင့်တင်ခြင်းဖြင့် လမ်းပေါ်ရေကျော်မှုများကင်းဝေးပြီး ချိုင့်များ၊ ရေလှိုင်းပုံစံများ မရှိသဖြင့် သွားလာမှု ပိုမိုအဆင်ပြေလာမည်။
- ကျေးရွာအတွင်းရွာသူ/သားများလမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသောကြောင့် မိသားစုများပျော်ရွှင်စွာနေထိုင်နိုင်ပြီး လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာနိုင်မည်။

စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- မြေသားလမ်းအမြင့်တင်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၅၀၀၀၀၀၀) ကျပ်ဖြစ်ပါသည်။

| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု | |
|---|---|
| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
| • ၁၅၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၆၁၄ | ၆၀၇ | ၁၂၂၁ | ၃၄ | ၇၁ | ၆၂ | ၅၃ | ၂၂၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၁၄ | ၆၀၇ | ၁၂၂၁ | ၃၄ | ၇၁ | ၆၂ | ၅၃ | ၂၂၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၃ ခုနှစ်၊အောက်တိုဘာလ( စတုတ္ထပတ်) |
| (၃) စီမံချက်ပြီးစီးမည့်အချိန် –၂၀၂၃ခုနှစ်၊ဒီဇင်ဘာလ( ပထမပတ်) |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီးစီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်းမြေသားလမ်းအားအမြင့်တင်ခြင်းလုပ်ရာတွင်ကျေးရွာမှလုပ်အားတတ်နိုင်သလောက် ကူညီဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာ လူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ငန်းများဆောင်ရွက်ပါမည်။<br>• ကျေးရွာမြေသားလမ်းအမြင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်းအား ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက်လိုအပ်သောပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီးကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက်လိုအပ်မည့်ကုန်ကျစရိတ်များကိုလည်းကျေးရွာအတွင်းရှိကျေးရွာသူ /သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွားပါမည်။ |

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | |
|---|---|
| ကျေးရွာ | - ထိန်တွင်း |
| ကျေးရွာအုပ်စု | – ခမောင်းတောင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

စီမံချက်အမည် - ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၂၀ ' ×၁၂ ' ×၆")

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ရှိတွင် ကျေးရွာတွင်းလမ်း(၁၀၀၀)ပေခန့်သည် လမ်းအကျယ်(၁၈)ပေရှိသောမြေသားလမ်း ဖြစ်ပါသည်။
- နွေရာသီတွင်ဖုန်ထူသောကြောင့်ကျောင်းသားကျောင်းသူများကျောင်းသွားရာတွင်လည်းကောင်း၊ ကျေးရွာသူ/သားများ သွားရေးလာရေးတွင်လည်းကောင်း၊ အိမ်များပေါ်သို့လည်း ဖုန်များဝင်ခြင်း ဖြင့်လည်းကောင်း အခက်အခဲတွေ့နေရပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကွန်ကရစ်လမ်း ဆောင်ရွက်ပေးပါကရွာသူ/သားများအချိန်မရွေးသွားလာရေးအဆင်ပြေ လွယ်ကူ စေရန်
- လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်
- ကျောင်းသူ/သားများ အခက်အခဲမရှိ သွားရေးလာရေးတွင် အဆင်ပြေချောမွေ့လာစေရန်
- စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကုန်စည်ကူသန်းရောင်းဝယ်ရေး လုပ်ငန်းများ စသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်
- သံဃာတော်များ ဆွမ်းခံကြွရာတွင် ခြေများ မနာကျင်ဘဲ သွားလာရအဆင်ပြေစေရန်

မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

- ရာသီအချိန်မရွေး သွားရေးလာရေး လွယ်ကူချောမွေ့လာမည်။
- ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။
- ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အချိန်ကုန်သက်သာခြင်း၊ ကျန်းမာရေးကိစ္စရပ်များ ဆောင် ရွက်ရာ ၌ အခက်အခဲမရှိ သွားလာနိုင်မည်။

| |
|---|
| • ကျေးရွာအတွင်း စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစရှိသည်ကိစ္စများအတွက် အဆင်ပြေလာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်။<br>• သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံ ကြွနိုင်မည်။<br>• ထို့အပြင်နွေရာသီမီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါကလမ်းများကျယ်ဝန်းပြီး ကောင်းမွန်သောကြောင့် အချိန်မီတားဆီးနိုင်မည်။ |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၂၀'×၁၂'×၆")အတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၅၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။ |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • ၁၅၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| **ကျေးရွာအဆင့်** | ၆၁၄ | ၆၀၇ | ၁၂၂၁ | ၃၄ | ၇၁ | ၆၂ | ၅၃ | ၂၂၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၁၄ | ၆၀၇ | ၁၂၂၁ | ၃၄ | ၇၁ | ၆၂ | ၅၃ | ၂၂၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း - ၂၀၂၄ခု အောက်တိုဘာလ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၂၄ခု ဒီဇင်ဘာ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှ ရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီး စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းရာတွင် ကျေးရွာမှ လုပ်အားတတ်နိုင်သလောက် ကူညီ ဆောင်ရွက်ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ |

အစီအစဉ်များ

- လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာတာဝန်ခံ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။
- လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာလူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။
- လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွဲအပြောင်း လုပ်ဆောင်ခြင်းနှင့် ကျေးရွာလူထုအား ရှင်းလင်းပွဲ လုပ်ဆောင်ပါမည်။
- ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။
- ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာ သူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။

## စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

| | |
|---|---|
| ကျေးရွာ | - ထိန်တွင်း |
| ကျေးရွာအုပ်စု | – ခမောင်းတောင် |
| မြို့နယ် | - လောင်းလုံး |
| တိုင်းဒေသကြီး / ပြည်နယ် | - တနင်္သာရီ |

စီမံချက်အမည် - ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၀၀’×၁၂’×၆”)

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

- လက်ရှိတွင် ကျေးရွာတွင်းလမ်း(၁၀၀၀)ပေခန့်သည် လမ်းအကျယ်(၁၈)ပေရှိသောမြေသားလမ်း ဖြစ်ပါသည်။
- နွေရာသီတွင်ဖုန်ထူသောကြောင့်ကျောင်းသားကျောင်းသူများကျောင်းသွားရာတွင်လည်းကောင်း၊ ကျေးရွာသူ/သားများ သွားရေးလာရေးတွင်လည်းကောင်း၊ အိမ်များပေါ်သို့လည်း ဖုန်များဝင်ခြင်းဖြင့်လည်းကောင်း အခက်အခဲတွေ့နေရပါသည်။

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကွန်ကရစ်လမ်း ဆောင်ရွက်ပေးပါကရွာသူ/သားများအချိန်မရွေးသွားလာရေးအဆင်ပြေ လွယ်ကူစေရန်
- လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်

| |
|---|
| • ကျောင်းသူ/သားများ အခက်အခဲမရှိ သွားရေးလာရေးတွင် အဆင်ပြေချောမွေ့လာစေရန်<br>• စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ ကုန်စည်ကူသန်းရောင်းဝယ်ရေး လုပ်ငန်းများ စသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုအဆင်ပြေလွယ်ကူစေရန်<br>• သံဃာတော်များ ဆွမ်းခံကြွရာတွင် ခြေများ မနာကျင်ဘဲ သွားလာရအဆင်ပြေစေရန် |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုး ကျေးဇူးများ)<br>• ရာသီအချိန်မရွေး သွားရေးလာရေး လွယ်ကူချောမွေ့လာမည်။<br>• ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်။<br>• ကုန်စည်ကူးသန်းရောင်းဝယ်ရေးအတွက် အချိန်ကုန်သက်သာခြင်း၊ ကျန်းမာရေးကိစ္စရပ်များ ဆောင် ရွက်ရာ ၌ အခက်အခဲမရှိ သွားလာနိုင်မည်။<br>• ကျေးရွာအတွင်း စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အစရှိသည်ကိစ္စများအတွက် အဆင်ပြေလာပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်။<br>• သံဃာတော်များအတွက်လည်း လမ်းအခြေအနေကောင်းမွန်မှုကြောင့် စိတ်ချမ်းသာစွာဖြင့် ဆွမ်းခံ ကြွနိုင်မည်။<br>• ထို့အပြင်နွေရာသီမီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါကလမ်းများကျယ်ဝန်းပြီး ကောင်းမွန်သောကြောင့် အချိန်မီတားဆီးနိုင်မည်။ |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း (၄၀၀'×၁၂'×၆")အတွက် ခန့်မှန်းကုန်ကျငွေမှာ (၁၅၀၀၀၀၀၀)ကျပ်ဖြစ်ပါသည်။ |
| စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု |

| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| • ၁၅၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | ၆၁၄ | ၆၀၇ | ၁၂၂၁ | ၃၄ | ၇၁ | ၆၂ | ၅၃ | ၂၂၀ |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၆၁၄ | ၆၀၇ | ၁၂၂၁ | ၃၄ | ၇၁ | ၆၂ | ၅၃ | ၂၂၀ |
| မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့၊ ရာအိမ်မှူး ၊ ရပ်မိရပ်ဖအဖွဲ့<br>• မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန |
| (၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း – ၂၀၂၅ခု ဩဂုတ်လ |
| (၃) စီမံချက်ပြီးစီးမည့်အချိန် – ၂၀၂၅ခု အောက်တိုဘာ |
| (၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -<br>• ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့မှရွာလုံးကျွတ်အစည်းအဝေးခေါ်ယူပြီးစီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းအစီအစဉ်များကို ပွင့်လင်းစွာ တိုင်ပင်ဆွေးနွေးပါမည်။<br>• ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းရာတွင်ကျေးရွာမှလုပ်အားတတ်နိုင်သလောက်ကူညီဆောင်ရွက် ပါမည်။ |
| (၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ<br>• လုပ်ငန်းဆောင်ရွက်ပါက ကျေးရွာလမ်းကော်မတီ၊ ရာအိမ်မှူး၊ ရပ်မိရပ်ဖနှင့် ကျေးရွာတာဝန်ခံ အဖွဲ့မှ ကြီးကြပ်ဆောင်ရွက်သွားပါမည်။<br>• လုပ်ငန်းများ ကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လုပ်ငန်းအဆင့်အလိုက် ကျေးရွာ လူထုနှင့် အစည်းအဝေးပြုလုပ်ပြီး ဆွေးနွေးတိုင်ပင်ပါမည်။<br>• လုပ်ငန်းများ အကောင်အထည်ဖော်ပြီးပါကလည်း လုပ်ငန်းပြီးဆုံးမှု အလွှဲအပြောင်း လုပ်ဆောင်ခြင်း နှင့် ကျေးရွာလူထုအား ရှင်းလင်းပွဲ လုပ်ဆောင်ပါမည်။<br>• ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရေရှည်ကောင်းမွန်ခိုင်ခံ့စေရေးအတွက် လိုအပ်သော ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများကို အစီအစဉ်ရေးဆွဲပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီမှ ဦးဆောင်၍ လုပ်ဆောင်သွားပါမည်။<br>• ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်မည့် ကုန်ကျစရိတ်များကိုလည်း ကျေးရွာအတွင်းရှိ ကျေးရွာ သူ/သားများ၊ လုပ်ငန်းရှင်များထံမှ အလှူငွေ (သို့) စုပေါင်းလုပ်အားဖြင့် ဆောင်ရွက်သွား ပါမည်။ |